# ဒေါက်တာဆာဆာမှ ဆလိုင်းတင်မောင်ဦး သေဆုံးခြင်း (၄၅) နှစ်မြောက်နှစ်ပတ်လည်နေ့သဝဏ်လွှာ။

၁၉၇၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ရက်စက်ကြမ်းကြုတ်သောစစ်အာဏာရှင်များမှ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည်မှာ ယနေ့တွင် (၄၅)နှစ် ပြည့်ပြီးဖြစ်ပါသည်။ သို့သော် ဆလိုင်းတင်မောင်ဦး၏ လွတ်လပ်ခွင့်နှင့်ဒီမိုကရေစီရရှိရေးလမ်းစဉ်အတွက် သူ့ဘဝစွန့်လွှတ် အနစ်နာခံမှု ၏အကြောင်းအရင်းကို ယနေ့ထက်တိုင် မြန်မာနိုင်ငံရှိ စစ်အာဏာရှင်များမှ အဖြေမပေးနိုင်သေးပေ။ ဆလိုင်းတင်မောင်ဦး၏ စစ်အာဏာရှင်နှင့် ကမ္ဘာကိုပြင်းထန်ပြတ်သားစွာ ပြောကြားခဲ့သည့် “မင်းတို့ငါ့ခန္ဓာကိုယ်ကိုသာ သတ်လို့ရမယ်၊ ငါ့ရဲ့ယုံကြည်ချက်နဲ့ရပ်တည်ချက်တွေကိုတော့ ဘယ်တော့မှ သတ်လို့ရမှာမဟုတ်ဘူး။ မင်းတို့ စစ်ဖိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးထောက်မှာမဟုတ်ဘူးကွ”ဆိုသည့် သမိုင်းဝင်စကား ပြောခဲ့သည်မှာ (၄၅)နှစ် တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ ယနေ့တွင် ကျွန်တော့်အနေနဲ့ ဆလိုင်းတင်မောင်ဦး ပြောကြားခဲ့သည့်စကားကို ရက်စက်ကြမ်းကြုတ်သော မင်းအောင်လှိုင် ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC) နှင့် ၎င်း၏သတင်းပေးများအား ထပ်မံပြောကြားလိုသည်မှာ “ကျွန်ုပ်တို့ မြန်မာပြည်သူ ၅၄ သန်းသည် ဘယ်သောအခါမှ သင်တို့၏ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ အိမ်မက်ဆိုးများအောက်တွင် အရှုံးပေးမည်မဟုတ်ပါ။ အဲဒီအစား ကျွန်ုပ်တို့သည် စကားဖြင့်တောင် ဖော်ပြလို့မရလောက်အောင် မြန်မာပြည်သူများအပေါ် အကြမ်းဖက်မှုများဖြစ်သည့် သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ နာကျင်ခြင်းနှင့် ဆင်းရဲဒုက္ခပေါင်းစုံကို ယူဆောင်ပေးသည့် စစ်အာဏာရှင်စနစ်ကိုအမြစ်ဖြတ်ချေမှုန်း အဆုံးသတ်သွားမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် မြန်မာပြည်သူများအားလုံးအတွက် “အားလုံး”ပါဝင်သည့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို တည်ထောင်သွားမည်ဖြစ်သည်။”

ဆလိုင်းတင်မောင်ဦး၏အိမ်မက်များကို မြန်မာပြည်သူလူထု၏ အိမ်မက်များအဖြစ်မှတ်ယူပြီး အကောင်အထည် ဖော်ဆောင်သွားမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် စစ်အာဏာရှင်များနှင့် ၎င်းတို့၏ဘက်တော်သားများအား ထပ်လောင်းပြောကြားလိုသည်မှာ “မင်းတို့ ငါတို့ရဲ့ခန္ဓာကိုယ်တွေကိုသာသတ်ရင်သတ်လို့ရမယ်၊ သို့သော် ယခု မျိုးဆက်များနှင့် အနာဂတ်မျိုးဆက်များအပေါ်ထားရှိသည့် ကျွန်တော်တို့၏ ချစ်ခြင်းမေတ္တာနှင့် အိပ်မက်များကို သတ်လို့မရဘူး၊ ငါတို့ ရပ်ရွာတွေနဲ့အိုးအိမ်တွေကိုတော့ မင်းတို့ဖျက်ဆီးနိုင်ပေမယ့် ငါတို့အနာဂတ်၊ လာမည့် မျိုးဆက်များ၏အနာဂတ်နှင့် မြန်မာနိုင်ငံ၏ အနာဂတ်ကိုတော့ ဘယ်တော့မှဖျက်ဆီးလို့ရမှာမဟုတ်ဘူး။” ကျွန်တော့်အနေနဲ့ ဆလိုင်းတင်မောင်ဦးအပါအဝင် မြန်မာနိုင်ငံတွင် လွတ်လပ်မှုနှင့် အားလုံးပါဝင်နိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီရရှိရေးအတွက် အသက်ပေးဆပ်သွားခဲ့ကြသော နိုင်ငံ့သူရဲကောင်းများအားလုံးကို လေးစား ဂုဏ်ပြုအပ်ပါသည်။ နွေဦးတော်လှန်ရေးနိုင်ကိုနိုင်ရမည်။ ကျွန်ုပ်တို့အကြီးအကျယ်အနိုင်ရပြီး စစ်အာဏာရှင်များ ကျရှုံးနေပြီ။ ဆလိုင်းတင်မောင်ဦးနှင့် ရဲစွမ်းသတ္တိရှိသောမြန်မာပြည်သူလူထု၏ ယုံကြည်ချက်နဲ့ရပ်တည်ချက်များ အကောင်အထည် မဖော်သေးသ၍ ကျွန်ုပ်တို့ ရပ်တန့်မည်မဟုတ်ပါ၊ အရှုံးပေးမည်မဟုတ်ပါ၊ အညံ့ခံမည်မဟုတ်ပါ။ ဆလိုင်းတင်မောင်ဦးနှင့်အတူ ကျဆုံးသွားသောနိုင်ငံတော် သူရဲကောင်းများအားလုံးကို အစဉ်လေးစား ဂုဏ်ပြုအလေးပြုလျက် မြန်မာပြည်သူလူထုနှင့် တိုင်းပြည်အတွက် -

ဒေါက်တာဆာဆာ။